## "အကျိုးခံစားခွင့်တောင်းခံရာတွင်လိုအပ်ချက်များ"

| ထိခိုက်ဒဏ်ရာ/ဆေးရုံတက်ရောက်ကုသမှု | သေဆုံး/ထာဝစဉ်မသန်စွမ်း |
|---|---|
| ▸အာမခံလက်မှတ်မူရင်း<br>▸အကျိုးခံစားခွင့်လျှောက်ထားခြင်းပုံစံ<br>▸ကုသသည့်ဆရာဝန်၏ထောက်ခံချက်<br>▸ဆေးရုံတက်ရောက်ကုသမှုအတွက် ဆရာဝန်၏အတည်ပြုချက် ပါသော ဆေးကုသသည့် မှတ်တမ်းစာအုပ်မိတ္တူ<br>▸အကျိုးခံစားခွင့်တောင်းခံသူမှန်ကန်ကြောင်း ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် | ▸အာမခံလက်မှတ်မူရင်း<br>▸အကျိုးခံစားခွင့်လျှောက်ထားခြင်းပုံစံ<br>▸သေစာရင်းမိတ္တူ<br>▸အကျိုးခံစားခွင့်တောင်းခံသူ၏ မှတ်ပုံတင်မိတ္တူ/အိမ်ထောင်စုစာရင်းမိတ္တူ<br>▸ကုသသည့်ဆရာဝန်၏ ထောက်ခံချက်<br>▸အကျိုးခံစားခွင့်တောင်းခံသူမှန်ကန်ကြောင်း ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် |


**စီဘီအသက်အာမခံကုမ္ပဏီလီမိတက်**

**ရန်ကုန်**
သမဝါယမစီးပွားရေးဗဟိုဌာန၊ ဆရာစံပလာဇာ၊
၅-ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၈၆၀၄၅၀၆၊ (၀၁) ၅၄၁၉၉၄
ဖက်(စ်) - (၀၁) ၅၅၅၂၁၆၊ ၈၆၀၄၅၀၈

**မန္တလေး**
အမှတ် (၉/၅/၂၅)၊ (၆၂) လမ်း၊ မြို့သစ် (၄)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။
ဖုန်း - (၀၉) ၂၅၄၂၈၇၁၇၅၊ ၂၅၄၂၈၇၂၇၈၊ ၂၅၄၂၈၇၂၇၉
ဖက်(စ်) - (၀၂) ၈၂၁၉၄၊ ၈၂၁၉၅၊ ၈၂၁၉၆

: contact@cblife.com.mm
: www.cbinsurance.com.mm
: www.facebook.com/cblife.com.mm


CB Life

# Farmer Life Insurance

## တောင်သူလယ်သမားအသက်အာမခံ



## ရည်ရွယ်ချက်

တောင်သူလယ်သမား အသက်အာမခံထားရှိခြင်းဖြင့် အာမခံသက်တမ်းအတွင်း ဖြစ်ပေါ်လာသော သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် မတော်တဆထိခိုက်ဒဏ်ရာကြောင့် ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသရခြင်းတို့အတွက် အကျိုးခံစားခွင့် ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## အာမခံထားနိုင်သူများ

အသက်(၁၆) နှစ်မှ (၆၀) နှစ်အတွင်းရှိ တောင်သူလယ်သမားများ၊ ၄င်းတို့၏ မိသားစုများ၊ ဆွေမျိုးတော်စပ်သူများ၊ လယ်ယာလုပ်ငန်း အတူလုပ်ကိုင်သူများနှင့် အခြားသူများပါ အာမခံထားနိုင်ပါသည်။

## အာမခံသက်တမ်း

အာမခံသက်တမ်းမှာ အာမခံကြေး (ပရီမီယံကြေး) ပေးသွင်းသည့်နေ့မှစ၍(၁)နှစ် ဖြစ်ပါသည်။

## အာမခံထားငွေ

အနည်းဆုံးကျပ် (၁)သိန်းမှ အများဆုံး ကျပ် (၅၀)သိန်းအထိထားရှိနိုင်ပါသည်။

## ပရီမီယံနှုန်း

ပရီမီယံနှုန်းမှာ အာမခံထားငွေ၏ (၁%) ဖြစ်ပါသည်။
(အာမခံထားငွေ ကျပ်(၁)သိန်းအတွက် ပရီမီယံကြေး(၁၀၀၀)ကျပ် ပေးသွင်းရပါမည်။)

## ပရီမီယံကြေးပေးသွင်းခြင်း

ကျသင့် ပရီမီယံကြေးကို တစ်လုံးတည်းပေးသွင်းရပါမည်။

## အာမခံအကျိုးခံစားခွင့်

| ဒဏ်ရာ | အာမခံထားငွေ |
|---|---|
| • သေဆုံးခြင်း | ၁၀၀% |
| • ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း | ၁၀၀% |
| • လက်(သို့)ခြေနှစ်ဖက်ပြတ်ခြင်း | ၁၀၀% |
| • မျက်စိနှစ်ဖက်ကွယ်ခြင်း | ၁၀၀% |
| • လက်(သို့)ခြေတစ်ဖက်ပြတ်ခြင်း | ၅၀% |
| • လက်(သို့)ခြေနှစ်ဖက်ကျိုးခြင်း | ၅၀% |
| • မျက်စိတစ်ဖက်ကွယ်ခြင်း | ၅၀% |

*(ဖော်ပြမထားသည့် ထိခိုက်ဒဏ်ရာရမှုအတွက် ဆရာဝန်၏ ထောက်ခံချက် အရ သတ်မှတ်ထားသောနှုန်းထားများအတိုင်း သင့်လျော်သော အကျိုးခံစားခွင့် ထုတ်ပေးပါမည်။)*

**ဆေးရုံတက်အကျိုးခံစားခွင့် (မတော်တဆထိခိုက်ဒဏ်ရာရမှု)**

- အာမခံထားငွေ ကျပ်(၁)သိန်းအတွက် (၁)ရက်လျှင်ကျပ်၂၀၀၀/- (၁-ကြိမ်လျှင် အများဆုံး(၅)ရက်နှင့် ၃-ကြိမ်အထိသာ )

## အကျုံးမဝင်သောအချက်များ

(၁) မိမိကိုယ်ကိုသတ်သေခြင်း။
(၂) ရာဇဝတ်မှုကျူးလွန်ခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲ/ဖြတ်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ဆေးရုံတက်ရောက်ကုသရခြင်း၊ သေဆုံးခြင်း။
(၃) နားကြားကိရိယာ တပ်ဆင်ခြင်း၊ ရောဂါရှာဖွေ စစ်ဆေးခြင်း၊ သားသမီး ရလိုမှုဖြင့်ဆေးကုသခြင်းများ၊ အလှအပအတွက် ခွဲစိတ်ပြုပြင်ခြင်းတို့အတွက် ကုန်ကျစရိတ်များ။
(၄) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။
(၅) မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုများ/မျက်မှန်တပ်ခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိခွဲစိတ်ကုသခြင်းတို့အတွက် ကုန်ကျစရိတ်များ။
(၆) မွေးရာပါ ပုံမှန်မဟုတ်သောရောဂါ(သို့မဟုတ်)ပုံစံပျက်ယွင်းခြင်းအတွက် ခွဲစိတ်ကုသခြင်းကြောင့် ကုန်ကျစရိတ်များ။
(၇) အာမခံထားသူသေဆုံးခြင်း၊ ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့် ဆေးရုံတက်ရောက် ကုသခြင်းအတွက် အကျိုးခံစားခွင့် တောင်းခံခြင်းကို ဖြစ်ပွားသည့်နေ့မှစ၍ တစ်နှစ်ကျော်မှတောင်းခံသည့် ကိစ္စများ။

## အကျိုးခံစားခွင့်တောင်းခံခြင်း

(၁) အာမခံထားသူသေဆုံးခြင်း/ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့်ဆေးရုံတက်ရောက် ကုသခြင်းအတွက် အကျိုးခံစားခွင့် တောင်းခံခြင်းကို ဖြစ်ပွားသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း တောင်းခံရန်ဖြစ်ပါသည်။
(၂) အာမခံထားသူပျောက်ဆုံးခြင်းနှင့် အလောင်းရှာမတွေ့ခြင်းတို့အတွက် အကျိုးခံစားခွင့်ကို အများဆုံး(၂)နှစ် (သို့မဟုတ်) သင့်တော်သည့်ကာလ အတွင်း မျက်မြင်အားဖြင့် သွားလာလှုပ်ရှားမှုမရှိတော့ကြောင်းကို ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရပါမည်။